# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 24, 2019 Volume 19, Number 17


| | |
|---|---|
| ၂၄.၅.၂၀၁၉ | |
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၃/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၉၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀ ကျပ် |
| CBM Rate | = ၁၅၃၇.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၆၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၄၅ကျပ် |

Source: CBM Rate, etrademyanmar.com

## ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍ အခွင့်အလမ်းမြှင့်တင်ရေး

ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍအခွင့်အလမ်းမြှင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည့် စီမံကိန်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ အဆိုပါ စီမံကိန်းကို စိုက်ပျိုးရေး ဦးစီးဌာန၊ Care myanmar နှင့် ကရင်ပြည်နယ် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းများပေးခြင်း၊ နည်းပညာရရှိသုံးစွဲနိုင် အောင်ပံ့ပိုးပေးခြင်း၊ တန်ဖိုးမြင့် ရော်ဘာထုတ်လုပ်နိုင်ရန် ပံ့ပိုးပေးခြင်းတို့ပါဝင်မည်ဟု သိရသည်။ ရော်ဘာနဲ့ပတ်သက်လို့ အလားအလာကောင်းတွေ ရှိတယ်ဆိုပေမယ့် အရည်အသွေးပိုင်းမှာတော့ အားနည်းတာတွေရှိတယ်။ အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်နိုင်မယ်ဆိုရင် စီးပွားဖြစ်လာမှာဆိုတော့ စီမံကိန်းကနေ ဒီကဏ္ဍတိုးတက်ဖို့ မျှော်လင့်ပါတယ်ဟု ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က ပြောသည်။ ပြည်နယ် ရော်ဘာစိုက်ပျိုးမှုသည် မြန်မာတစ်နိုင်ငံလုံးတွင် တတိယအများဆုံးနှင့် ဒုတိယ အထွက်နှုန်း အများဆုံးဖြစ်ခြင်းကြောင့် စီမံကိန်းဖော်ဆောင်ခြင်းဖြင့် စိုက်ပျိုး တောင်သူများ ဝင်ငွေတိုးပွားစေရန် အထောက်အပံ့ပေးနိုင်မည်ဟု ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာအရည်အသွေးအပေါ်မူတည်ပြီး ဈေးကွက် ရရှိရေးနှင့် ထိုက်သင့်သည့်ဈေးနှုန်း ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ရော်ဘာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဘုတ်အဖွဲ့သို့အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေပြီး အဖွဲ့ဝင်ဖြစ်လာပါကမျိုးနှင့် နည်းပညာပိုင်းဆိုင်ရာ သတင်းအချက် အလက်များရရှိမည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာရဲတင့်ထွန်းက ရော်ဘာကနေ ထုတ်လုပ်တဲ့ပစ္စည်းတွေ အရည် အသွေး ပိုမိုကောင်းမွန်လာအောင်၊ ရော်ဘာကြိတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက် လာနိုင်အောင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုပြီးတော့အရေးပါလာပါတယ်။ ရော်ဘာနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေကို လည်း အသင်းဝင်အဖြစ်နဲ့ ဝင်ရောက်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါတယ်။ ရော်ဘာလုပ်ငန်းစဉ်တွေမှာ တောင်သူ တစ်ဦးချင်းစီလုပ်နေမယ်ဆိုရင် အရည်အသွေးတွေဟာ မတူညီနိုင်ဘူး။ ရော်ဘာအရည်အသွေး တူညီနိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဦးဆောင်ဆောင်ရွက်တဲ့ လုပ်ငန်းမျိုးကို တွန်းအားပေးပြီး ဆောင်ရွက်သွားမှာပါဟု ၎င်းက ပြောသည်။ ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိပြီး ထိုထဲမှ သံတောင်ကြီးမြို့နယ်တွင် စိုက်ဧက ၇၄၀၀၀ကျော်၊ အစေးလှီးဧက ၅၂၀၀၀ ကျော်ရှိကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ပေါင် ၃၇၀၀၀ ခန့်ရှိကြောင်း သိရသည်။

မြန်မာ့သဘာဝရော်ဘာကို ရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းမှ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနေပြီဖြစ်၍ ပြည်ပဈေးကွက် ထိုးဖောက်ရေးအတွက် အထောက်အပံ့ဖြစ်လာမည်ဖြစ်သည်။ ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့တင်ပို့ပြီး ထိုင်း၊ မလေးရှားနှင့် ဂျပန်သို့တင်ပို့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင်ရန်ကုန်ရှိ တာယာစက်ရုံများမှ အများဆုံးဝယ်ယူကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## ပြည်ပက တရားမဝင် ဝင်ရောက်နေသည့် ကြက်သားနှင့်ဘဲဥများ




ပြည်ပက တရားမဝင် ဝင်ရောက်နေသည့် ကြက်သားနှင့်ဘဲဥများကြောင့် ပြည်တွင်းမွေးမြူသူများထိခိုက်မှုရှိလာပြီး ပြည်ပကရောဂါများပါလာမည်ကိုလည်း စိုးရိမ်နေကြကြောင်းသိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ပြည်ပနိုင်ငံများက တရားမဝင်ကြက်သားများ ဝင်ရောက်နေရာ အဆိုပါကြက်သားများတွင် ရောဂါပါဝင်လာမည်ကို စိုးရိမ်နေရကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးဒေါက်တာနေသူရိန် ပြောသည်။ ကြက်သားတွေ ပြည်ပက တရားမဝင် ဝင်ရောက်နေပါတယ်။ ဈေးကွက်ထဲမှာ ပျံ့နှံ့ပြီးရောဂါပါလာမှာကိုစိုးတယ်။ အခုကကြက်သားဈေးကလည်းကောင်းနေပါတယ်။ ဒါပေမယ့် အဲဒီလိုတရားမဝင်ဝင်ရောက်လာတာတွေရဲ့ဈေးနှုန်းကိုတော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး"ဟု ၎င်းက ပြောသည်။ ကြက်သားဈေးနှုန်းမှာ လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၃၉၅၀ ရှိနေသဖြင့် ကြက်မွေးမြူသူများ အဆင်ပြေနေသော်လည်း ယခုကဲ့သို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ရာတွင် မလိုလားအပ်သော ရောဂါဆိုင်ရာများပါဝင်လာခြင်း၊ ဈေးကွက်ထိခိုက်စေခြင်းတို့ကိုဖြစ်ပေါ်လာနိုင်ကြောင်းသိရသည်။

ကြက်သားနည်းတူ ဘဲဥကိုလည်း ပြည်ပနိုင်ငံများက တင်သွင်းလာခြင်းကြောင့် လုပ်ငန်းအချို့ရပ်နားထားရခြင်း၊ ခေတ္တပိတ်သိမ်းထားရခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံသို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဘဲမွေးမြူသူများက ထိန်းသိမ်းပေးရန် တောင်းဆိုထားကြောင်းသိရသည်။ "ဝန်ကြီးဌာနအနေနဲ့ ဘဲဥတွေ တရားမဝင်တင်သွင်းလာတာတွေကို စစ်ဆေးမှုတွေ ပိုမိုပြုလုပ်ပေးစေလိုပါတယ်။ အခုက တရားမဝင်တင်သွင်းပြီး ဈေးကွက်ကိုဖျက်သလို လိုက်လုပ်နေတဲ့အတွက် အဆင်မပြေပါဘူး။ ဒီအတွက် အချိန်မီတားဆည်းပေးဖို့ တောင်းဆိုရခြင်းဖြစ်ပါတယ်ဟု ဘဲမွေးမြူသူတစ်ဦးဖြစ်သည့် ဦးဉာဏ်လင်းက ပြောသည်။ ဘဲဥမှာကြက်ဥကဲ့သို့ စားသုံးမှုမများခြင်း၊ စားသောက်ဆိုင်၊ ထမင်းဆိုင်များသာ ဟင်းအဖြစ်ချက်ကာ ရောင်းချမှုများသောကြောင့် ယခုကဲ့သို့ ဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ချိရောင်းချနေခြင်းကြောင့် ရေရှည်တွင် အခက်အခဲများဖြစ်လာနိုင်ကြောင်း၊ ဘဲမွေးမြူမှုပိုင်းတွင်လည်း နည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုးမှုပိုင်းအားနည်းလျက်ရှိကြောင်း ဘဲမွေးမြူသူများထံမှသိရသည်။ ဘဲဥတွေက ရေဂတီတိုင်းဒေသကြီးဘက်မှာဆိုရင် ထိုင်းနိုင်ငံဘက်က ဝင်လာတဲ့ဘဲဥတွေကြောင့် မွေးမြူသူတွေတော်တော်လေး ထိခိုက်သွားခဲ့တယ်။ ကျွန်တော်တို့မန္တလေးမှာတော့ အခုအချိန်မှာ ဘဲဥတွေကို ပြည်ပကဝင်လာတာမျိုးမရှိသေးပေမယ့် ကြိုတင်ပြီးလုပ်ဆောင်ပေးဖို့အတွက် စာတင်ကြတာလို့ထင်တယ်။ တရားမဝင်လမ်းကြောင်းက ဝင်လာတာများရင် ပြည်တွင်းက လုပ်ငန်းလုပ်ကိုင်သူတွေ အခက်တွေ့မှာကတော့ အသေအချာပဲဟု ကြက်မွေးမြူသူ ဦးခိုင်ဝင်းကပြောသည်။

ထို့ပြင် ပြည်ပက တင်သွင်းလာသော ဘဲဥများ၏ အလုံးအရွယ်အစားမှာ ပြည်တွင်းဘဲဥထက်ပိုကြီးခြင်းကြောင့် စားသောက်ဆိုင်များအနေဖြင့်လည်း ၎င်းတို့အတွက် တွက်ခြေကိုက်သဖြင့် ဝယ်ယူကြခြင်းဖြစ်ကြောင်း၊ ပြည်ပက ဝင်ရောက်လာသည်များကိုယှဉ်ပြိုင်ရန်အတွက် မိရိုးဖလာမွေးမြူနည်းများသာရှိပြီး ခေတ်မီသောမွေးမြူနည်းစနစ်များ လိုအပ်လျက်ရှိကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ မှုမြင့်တက်ပါက စပါးဈေးပြန်တက်လာမည်ဟု စီးပွားကူးသန်းဝန်ကြီးပြော

တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာမည်ဆိုပါက လယ်သမားများကြုံတွေ့နေရသည့် စပါးဈေးကျဆင်းမှု အချိန်တစ်ခုအတွင်း အဆင်ပြေလာမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

တရုတ်ဘက်က ဆန်တင်ပို့မှု များများလက်ခံရင် အလားအလာကောင်းတွေရှိပါတယ်ဟု ဒေါက်တာသန်းမြင့်က ပြောကြားသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေး စီးပွားကူးသန်းဝန်ကြီးဌာနနှင့် ယူနန်အစိုးရအကြား ညှိနှိုင်းထားပြီး မကြာမီတွင်လည်း ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ယူနန်ပြည်နယ်မှစီးပွားရေးလုပ်ငန်းရှင်များထံ သွားရောက်ညှိနှိုင်းရန် စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

စပါးဈေးက အခုကျနေတာလေ။ လယ်သမားမှာက ငွေမရှိတော့ ရတဲ့ဈေးနဲ့ ရောင်းနေရတာဟု အုတ်တွင်းမြို့နယ်မှ

လယ်သမားဦးဝင်းကပြောသည်။ လက်ရှိ လယ်သမားများ၏လိုလားချက်သည် ရိတ်သိမ်းပြီးစပါးများကို အခြေခံဈေးနှုန်း တင်းတစ်ရာလျှင် ကျပ်ငါးသိန်းဖြင့်ရောင်းချနိုင်ရေးဖြစ်သည်။

သို့သော် နွေစပါးကအစိုဓာတ်များခြင်းကြောင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တင်းတစ်ရာလျှင် ကျပ်လေးသိန်း လေးသောင်းဖြင့်ဝယ်ယူနေသည်။ ဒေသပေါက်ဈေးက ကျပ်လေးသိန်းတစ်သောင်းခန့်သာရှိသည်ဟု ပဲခူးတိုင်းရှိ လယ်သမားအချို့ကပြောသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် အခက်တွေ့နေခြင်းကြောင့် ပြည်တွင်းဆန်ဈေး၊ စပါးဈေး ကျဆင်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူအချို့ကပြောသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ ဆန်ရောင်းချရေး နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းထားပြီး တရားဝင်လမ်းကြောင်းမှ ဆန်တန်ချိန်တစ်သိန်းရောင်းချရန် ပြင်ဆင် နေသည်။ တရုတ်သို့ ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်ငါးသိန်းကျော်သာ တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများတွင်ဖော်ပြထားသည်။ ယခင်ဘဏ္ဍာနှစ်က တရုတ်သို့ဆန်တန်ချိန် ၁၂ သိန်းကျော်တင်ပို့ခဲ့သည်။

**Source: http://www.7daydaily.com/story/156797**

## ပိုလျှံသကြားများ ပြည်ပသို့ တင်ပို့ နိုင်ရန် ဈေးကွက်ရရှိရေး နိုင်ငံတော်မှဆောင်ရွက်ပေးရန်တောင်းဆို



နိုင်ငံအတွင်း ပိုလျှံနေသည့်သကြားများကို ပြည်ပသို့တင်ပို့ နိုင်ရန် ဈေးကွက်ရရှိနိုင်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက် ပေးရန်လိုအပ်နေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးဝင်းဌေးက ပြော သည်။ ကြံစိုက်ဧက တိုးတက်စိုက်ထားကြတော့ သကြား တန်ချိန် ပိုထွက်လာတယ်။ ဒီမှာပြည်တွင်းသကြားဈေး ကလည်း အကျဘက်ကိုပဲသွားနေတယ်။ ကြာရှည်လာရင် ကြံစိုက် တောင်သူတွေပါ ထိခိုက်လာနိုင်တယ်ဟုပြောသည်။

လက်ရှိပြည်တွင်းသကြားများသည် အထွက်နှုန်းတိုး၍ လတ်တလောတွင်ဝယ်လက်မရှိ၍ စုပုံနေခြင်း၊ ရောင်းချမှု ခက်ခဲခြင်း၊ လက်ကျန်သကြားများမှာ ထားစရာဂိုထောင်မရှိခြင်း၊ ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်ခြင်း၊ ကြံစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ပေးရန် ခက်ခဲခြင်းတို့ဖြင့် ရင်ဆိုင်နေရကြောင်းသိရသည်။ ယင်းအပြင် မြဝတီ နယ်စပ်မှ သကြားမှောင်ခို ဈေးကွက်များ ရှိနေခြင်းနှင့် ပြည်ပမှ Export/Import လိုင်စင်ဖြင့် သကြားတင်သွင်းမှု အဝင်များလာပါက ပြည်တွင်းဈေးကွက်အားထိခိုက်နိုင်သဖြင့် စီစစ်ဆောင်ရွက်ပေးခြင်း၊ သကြားလုပ်ငန်း ရေရှည် အောင်မြင်ရန်အတွက် ယှဉ်ပြိုင်မှုစွမ်းရည် တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် စက်ပစ္စည်းများတွင်လည်း နည်းပညာတိုးတက်ရန် လိုအပ်လာသဖြင့် ပြည်တွင်းစားသုံးသော Refine Sugar ကို ထုတ်လုပ်နိုင်မည့်စက်များ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ချေးငွေများထုတ်ပေးခြင်း (သို့) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ကြံစိုက်တောင်သူများနှင့် သကြားကုန်သည်များက ဆိုသည်။

လက်ရှိတွင် ကြံကြိတ်ခွဲစက်ရုံများ၏ ဘေးထွက်ပစ္စည်းများဖြစ်သော ကြံဖက်မှလျှပ်စစ်ထုတ်၍ရကြောင်းနှင့် သကြား စက်ရုံများမှထွက်ရှိလာသော တင်လဲရည်ကို အီသနောထုတ်လုပ်က ပြည်ပမှတင်သွင်းသည့်လောင်စာဖြင့် ရောစပ်ခြင်း ဖြင့် လောင်စာစွမ်းအင်ထုတ်နိုင်ပြီဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် နိုင်ငံတကာကဲ့သို့ ပြည်ပမှတင်သွင်းလာသော ဓာတ်ဆီကို အီသနော (၁ဝ ရာခိုင်နှုန်း) ရောစပ်၍ အသုံးပြုရသည့် မူဝါဒချမှတ်၍ သကြားစက်ရုံများအတွက် ဘေးထွက် ပစ္စည်းဖြစ်သော Molasses ပြဿနာဖြေရှင်းဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံတွင်လည်း ဘေးထွက်ပစ္စည်းများကို Value Added ပြုလုပ်၍ ထုတ်လုပ်ရန် အဆိုပါမူဝါဒမျိုးချမှတ်ပေး၍ ရေရှည်အတွက် ဆောင်ရွက်ပေးရန်လည်း လိုအပ်

နေကြောင်း ကြံနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များကဆိုသည်။ ပြည်တွင်း၌ ၂၀၁၇-၁၈ ကြံစိုက်ရာသီအတွင်း တောင်သူများမှ ကြံသီးနှံကို ၂၀ ရာခိုင်နှုန်းခန့် ပိုမိုစိုက်ပျိုးခဲ့၍ ကြိတ်ခွဲသကြားထွက်ရှိမှု တန်ချိန်ခြောက်သိန်းကျော်ထိရှိလာကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8055

## မြန်မာ့စက်သုံးဆီလက်လီဈေးကွက်သို့ တရုတ်ဝင်ရောက်မည်

တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း CNPC သည် မြန်မာ့ဈေးကွက်အတွင်း စက်သုံးဆီဆိုင်အများအပြား ဖွင့်လှစ်ရောင်းချရန်စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနကရေးသားသည်။ သို့သော် CNPC နာမည်ကိုအသုံးပြုမည် မဟုတ်ပဲ စင်ကာပူနိုင်ငံရှိ ၎င်းတို့အပိုင်အမှတ်တံဆိပ်ဖြစ်သည့် Singapore Petroleum Company (SPC) အမည်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ပြီးခဲ့သည့် မတ်လက ရန်ကုန်မြို့တွင် မြန်မာလုပ်ငန်းစုကြီး တစ်ခုဖြစ်သည့် ရွှေတောင်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းကာ SPC အမည်ဖြင့် စက်သုံးဆီဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားပြီးဖြစ်သည်။ "SPC တံဆိပ်ကို အရှေ့တောင်အာရှရဲ့ ထိပ်တန်းအမှတ်တံဆိပ်တွေထဲကတစ်ခုအဖြစ် အသုံးပြုပါတယ်" ဟု Petro China ၏ ဒုတိယအရာရှိကဆိုသည်။ ယင်းသည် SPC တံဆိပ်၏ စင်ကာပူပြင်ပ ပထမဆုံး အကျိုးတူပူးပေါင်းမှုဖြစ်ပြီး PetroChina ၏ စတုတ္ထမြောက် အကြီးဆုံးလက်လီအရောင်းဆိုင်လည်းဖြစ်သည်ဟု PetroChina ၏ အရာရှိချုပ်ကဆိုသည်။

အဆိုပါကုမ္ပဏီသည် စက်သုံးဆီလက်လီလုပ်ငန်းကိုချဲ့ထွင်ရန် အရှေ့တောင်အာရှ၏ လျင်မြန်စွာဖွံ့ဖြိုးလာသည့် ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်သည်ဟု ကုမ္ပဏီအရာရှိကပြောသည်။ ယခုရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ဆယ်သန်းဖိုးထိ ရှိမည်ဖြစ်ပြီး တရုတ်ပြည်တွင်းစက်သုံးဆီဈေးကွက်အတွင်း အပြည့်အဝနေရာယူပြီးနောက်ပိုင်း နိုင်ငံခြားလက်လီ ဈေးကွက်ချဲ့ထွင်ရန် မဟာဗျူဟာသစ်ချမှတ်ခြင်းလည်းဖြစ်သည်။ CNPC သည် ဘရာဇီးနိုင်ငံတွင် ယခုထက်ပိုမိုကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ထားပြီး ပြီးခဲ့သည့်နှစ်က ဘရာဇီးနိုင်ငံစက်သုံးဆီလက်လီဈေးကွက်တွင် သုံးဆယ်ရာခိုင်နှုန်းထိ ရယူနိုင်ခဲ့သည်။ မော်တော်ယာဉ်အသုံးပြုမှု အလျင်အမြန်တိုးပွားလာသကဲ့သို့ သန့်စင်ပြီးစွမ်းအင် ထုတ်လုပ်ရာတွင်လည်း ပြည်တွင်းလုပ်ငန်းများသာရှိသေးကာ စက်သုံးဆီလိုအပ်ချက် နှစ်စဉ် ၁၀ ရာခိုင်နှုန်းနီးပါးတိုးလာနေသည့် မြန်မာနိုင်ငံကို CNPC က စက်သုံးဆီလက်လီဈေးကွက်နယ်မြေသစ်တစ်ခုအဖြစ်ရှုမြင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးစီးပွားရေးအဖြစ် အာရှဖွံ့ဖြိုးရေး ဘဏ်က ထုတ်ပြန်ထားပြီး လာမည့်နှစ်တွင် ၆.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ CNPC သည် မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍတွင် အကြီးဆုံးရင်းနှီးမြှုပ်နှံသူအဖြစ်ရှိထားပြီး မြန်မာ့အနောက်ဘက်ကမ်းရိုးတန်းမှ တရုတ် အနောက်တောင်ကမ်းရိုးတန်းသို့ ရေနံနှင့်ဓာတ်ငွေ့များကို ပိုက်လိုင်းများမှတဆင့် ထုတ်ယူတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ CNPC နည်းတူ အခြားကမ္ဘာ့ရေနံကုမ္ပဏီများသည်လည်း ဝင်ရောက်ရန်စီစဉ်ခဲ့ကြသည်။ ကမ္ဘာ့ရေနံကုမ္ပဏီများဖြစ်သည့် Royal Dutch Shell သည် ပြည်တွင်း စက်သုံးဆီဖြန့်ဖြူးသည့်ကုမ္ပဏီဖြစ်သည့် Max Energy နှင့် ပူးပေါင်းပြီး ပထမဆုံး လုပ်ငန်းလိုင်စင်ရရှိရန် ဆွေးနွေးလျက်ရှိသည်။ ထို့အတူ ဆစ်ဇာလန်အခြေစိုက် Trafigura လုပ်ငန်းစုပိုင်ဖြစ်သည့် Puma Energy သည်လည်း ၂၀၁၇ ခုနှစ် မေလအတွင်းက မြန်မာပြည်အတွင်း ရေနံထုတ်ကုန်ဆိုင်ကမ်းနှင့် သိုလှောင်ရုံတို့ဖွင့်လှစ်ပြီး မြန်မာ့လက်လီဈေးကွက်အတွင်း ဝင်ရောက်ရန်စီစဉ်ခဲ့သည်။ CNPC သည် ကနဦးအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်တို့တွင် ဓာတ်ဆီဆိုင်းများစီစဉ်နေပြီး အနာဂတ် ကာလတွင် မြန်မာနိုင်ငံတစ်ဝှမ်း ဆိုင်ရာနှင့်ချီဖွင့်လှစ်သွားရန် ရည်ရွယ်လုပ်ဆောင်နေကြောင်း PetroChina အရာရှိချုပ်ကဆိုခဲ့ပြီး ဖွင့်လှစ်မည့်အချိန်အတိအကျကိုမူ မပြောကြားခဲ့ပေ။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/345084942759457

## တရုတ်၏ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးစီမံချက်ကြောင့် မူဆယ်နယ်စပ်တွင် ဆန်၊ ပြောင်း၊ သကြားများ သုံးလကျော်ကြာသည်အထိ သောင်တင်နေဆဲ

တရုတ်နိုင်ငံ၏တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေး စီမံချက်ကြောင့်မူ ဆယ်နယ်စပ်တွင် ဆန်၊ ပြောင်း၊ သကြားများ သုံးလကျော်ကြာ သည်အထိ သောင်တင်နေဆဲဖြစ် ကြောင်းသိရသည်။ မြန်မာနိုင်ငံမှတင်ပို့နေသည့်

ဆန်ကွဲအပါအဝင် ဆန်၊ ပြောင်း၊ သကြားတင်ပို့မှုများကို တရုတ်နိုင်ငံမှတင်သွင်းခွင့်မပေးသဖြင့် မူဆယ်နယ်စပ်တွင် ဂိုဒေါင်အပြည့် သောင်တင်နေခြင်းဖြစ်ကြောင်းသိရသည်။ မူဆယ်ဆန်ကုန်သည် ဦးမင်းသိန်းက မူဆယ်နယ်စပ်မှာပိတ်မိနေတဲ့ဆန်၊သကြား၊ပြောင်းတွေက သုံးလကျော်တဲ့အထိ ပြန်မဖွင့်သေးဘူး။ ဖေဖော်ဝါရီလကတည်း ကပိတ်တာ သုံးလလောက်ရှိပြီ။လောလောဆယ်တော့ ဂိုဒေါင်ထဲပဲထည့်ထားရတယ်။ သကြားကတော့ တစ်နှစ်လောက်ထားလို့ရတယ်။ ဆန်ကတော့ သိပ်မလွယ်ဘူး။လောလောဆယ်အထိ ပျက်စီးမှုမရှိသေးဘူး။ တချို့ကလည်း မန္တလေးကိုပြန်ပို့ဖို့ စီစဉ်နေကြတယ်ဟု မေ ၂၃ ရက်ကပြောသည်။

မူဆယ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ဆန်၊ ပြောင်း၊သကြားစသည့်ကုန်ပစ္စည်း များတင်ပို့ရာတွင် မြန်မာဘက်မှ တရားဝင်တင်ပို့နေခြင်းဖြစ်သော်လည်းတရုတ်ဘက်မှ အခွန်နှုန်းထားကြီးမြင့်မှု၊ တရားဝင်ခွင့်မပြုခြင်း စသည်တို့ကြောင့် တရုတ်ကုန်သည်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်နေသည့် အပေါ်တရုတ်အစိုးရမှ လုံခြုံရေးတင်းကျပ်စွာဖြင့် တရားမဝင်ကုန်စည်များအပေါ် စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိ မူဆယ်နယ်စပ်တွင် ဆန်အိတ်ရေ ၁၀ သိန်းနှင့် သကြားအိတ်ရေ ၁၆ သိန်းခန့် ဖေဖော်ဝါရီလမှစတင် သောင်တင်နေခြင်းဖြစ်ကြောင်းသိရသည်။ ဦးမင်းသိန်းက အဖမ်းအဆီးများတာကြောင့်ဒီဘက်က မသွားရဲကြတာပါ။ သွားရင်ဖမ်းတယ်ဆိုတော့မသွားရဲကြဘူး။ ဝယ်တဲ့သူကလည်း ဖမ်းတယ်ဆိုတော့မဝယ်ရဲဘူး။ ပိတ်မိနေတဲ့ဆန်ကုန်သည် က ၄၀ လောက်ရှိတယ်။ သကြားကုန်သည်က ၃၀ လောက်ပါဝင်တယ်ဟုပြောသည်။ လက်ရှိပြည်တွင်းတွင် သကြား အထွက်နှုန်း တိုးတက်ထွက်ရှိလာသော်လည်း လတ်တလောတွင် ဝယ်လက်မရှိ၍စုပုံနေခြင်း၊ ရောင်းချမှုအခက်အခဲများ ဖြစ်ပေါ်နေခြင်းတို့ကြောင့် သကြားဈေးနှုန်းများကျဆင်းလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌဦးဝင်းဌေးက ပြည်တွင်းသကြား တွေက အထွက်နှုန်းတိုးလာပေမယ့်လည်း လတ်တလောမှာ ဝယ်လက်မရှိတာကြောင့်စုပုံနေခြင်း၊ သကြားတွေဈေးနှုန်း ကျဆင်းခြင်း၊ ရောင်းချမှုခက်ခဲခြင်း၊ လက်ကျန်သကြားတွေမှာ ထားစရာဂိုဒေါင်မရှိခြင်း၊ သကြားတွေစုပုံနေတာကြောင့် ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်ခြင်း၊ ကြံစိုက်တောင်သူတွေမှာ စိုက်ပျိုးစရိတ်ထုတ်ပေးဖို့ခက်ခဲခြင်း တို့နဲ့ရင်ဆိုင်နေရပါတယ်။ ကြံစိုက်တောင်သူတွေရဲ့ ဘဝတိုးတက်မြင့်မားစေဖို့၊ မြန်မာနိုင်ငံရဲ့ပြည်တွင်းထုတ်ကုန် (GDP) ပမာဏ တိုးတက်လာဖို့၊ SME လုပ်ငန်းတွေ ရေရှည်ရှင်သန်စေဖို့နဲ့ ပိုလျှံသကြားတွေကို နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်ဖို့ ဈေးကွက်ရရှိစေရေးအတွက်ဆောင်ရွက်ပေးဖို့လိုပါတယ်ဟုပြောသည်။

ယူနန်ပြည်နယ်ကူမင်းပြည်သူ့အစိုးရနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် ဧပြီလ ၂၁ ရက်က နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ပြီးယင်း MoU ကို အောင်မြင်စွာညှိနှိုင်းအကောင်အထည်ဖော်နိုင်ပါက ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာသားငါးထွက်ကုန်များကို မူဆယ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တွင်ကျယ်စွာတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က တရုတ်-မြန်မာ ကုန်ပစ္စည်းဖလှယ်တဲ့စနစ်နဲ့ ကုန်သွယ်မှုပြုလုပ်ရင် မူဆယ်မှာပိတ်မိနေတဲ့ဆန်တွေကို ဦးစားပေးဆောင်ရွက်သွားမှာပါ။ မေလထဲမှာစပြီးလုပ်နိုင်အောင်လုပ်မယ်။ ဦးစားပေးကတော့ လတ်တလောမူဆယ်ကိုရောက်နေတဲ့ဆန်တွေကို အဓိကဦးစားပေးအနေနဲ့ဆောင်ရွက်ဖို့ရှိပါတယ်ဟုပြောသည်။

**Source:** https://www.yangonmedia.com/economy/item/14211

## မြန်မာ့သရက်သီးများ ဝယ်လိုအားတက်လာ

ယခုနှစ်အတွင်း မြန်မာ့သရက်သီးများမှာ ဝယ်လိုအားတက် လာကြောင်း မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။ မြန်မာ့သရက်သီးများမှာ တရုတ်မှအခြားသရက်သီးမျိုးများပါ အဝယ်လိုက်လာတဲ့အတွက် ယခင်နှစ်ထက် ဝယ်လိုအားတက်လာတာဖြစ်တယ်လို့ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အလုပ်အမှုဆောင် ဦးကျော်စွာဟိန်းကပြောပါတယ်။ ဝယ်လိုအားကောင်းတယ်။ တရုတ်ပြည်ထဲမှာလည်း ဒီနှစ်သရက်အထွက်နှုန်းက မနှစ်ကလောက်မများဘူး။ အရင်နှစ်ကဆို ဒီလိုအချိန်မျိုးမှာ သရက်သီးတွေနေ့ချင်း ရောင်းမကုန်ဘူး။ ပြုံနေတာတွေရှိတယ်။ ဒီနှစ်ကတော့ မူဆယ် (၁၀၅) မိုင်ကို ရောက်သွားတာနဲ့ကုန်သွားတယ်။



တရုတ်ဘက်မှ စိန်တလုံး၊ ရွှေဟသ်ာ၊ ပတ္တမြားငမောက်၊ သုံးနစ်၊ မယ်သီ သရက်သီးမျိုးများမှာလည်း အခုနှစ်အတွင်း ဈေးကွက်ရှိလာကာ ဝယ်လိုအားလိုက်လာကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ အခုနှစ်အတွင်း မြန်မာ့သရက်များမှာ ဝယ်လိုအားတက်လာခဲ့သော်လည်း သရက်ထွက်နှုန်းမှာနည်းနေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်းမှသိရပါတယ်။

**Source:** https://www.facebook.com/greenwaymyanmar/?ref=page_internal

## Thura News Views

**Textile industry park planned for Mandalay**

Officials in Mandalay have announced plans to establish a textile industry park in the city, as part of an agreement with the Japan International Cooperation Agency (JICA), according to an article in the Myanmar Times. "Some business people have proposed to establish a textile industry park that employs about 50,000 people," said U Zaw Myint Maung, chief minister of Mandalay Region, during a EU-sponsored forum on the business climate in northern Myanmar. At the event, Zaw Myint Maung said his government welcomes investments from abroad. The areas of agriculture and garments in particular are priority sectors for foreign investment. Kristian Schmidt, the EU's Ambassador to Myanmar, said that companies from the continent had interest in investing in Mandalay, Myanmar's second biggest city that acts as the hub for the north of the country. "We think Mandalay's economy is growing fast and there are good opportunities for European countries," he said. "We want to take part in making Mandalay develop."

**Power delivery international tender to be called**

The Ministry of Energy and Electricity (MOEE) is to invite international companies to apply for tenders to deliver gas to the country via floating power plants. The initiative is aimed to improve electricity access in the country, according to an article in the Myanmar Times. "We will invite an international tender. We will select those who can offer the cheapest price," an unnamed senior official from the ministry was quoted as saying. "This is a short-term emergency plan to generate more electricity supply as quickly as possible." The plan is to buy 600 megawatts of gas from abroad, before it is generated on a floating unit and channeled via pipeline to the transmission lines, the report said. "Based on the budget allocation for power, we can't afford to pay too high a price but enough electricity must be provided to meet demand," the official said.

**Seedstars Yangon 2019 won by RecyGlo**

Yangon-based recycling waste management startup RecyGlo has been named the winner of Seed stars Yangon 2019, said a report in Deal street Asia. The announcement came after the company, and nine other startups, presented their pitches at Seed space Yangon last week. RecyGlo will now represent Myanmar at the Seed stars Asia Summit. They are hoping to win up to USD 500,000 in equity investments at the Seed stars World Summit in Switzerland. RecyGlo provides B2B and B2C recycling-related supply chain services, including educating consumers on waste management, the article said. Shwe Yamin Oo, RecyGlo CEO and co-founder, said "We are currently handling recyclable products like paper, plastic, and cans, but later plan to handle other products like electronics and used clothes".

**Source: Thura Swiss News (Issue 366** May 23, 2019)

MTR

# STOCK EXCHANGE (24.5.19)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 591 | 6,592,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,200 | 3,150 | 15,483 | 48,903,350 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 9 | 202,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,950 | +0 | +0.00% | 3,000 | 3,000 | 2,950 | 975 | 2,876,300 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.00 | +8.51 | +1.95% | 434.07 | 444.44 | 434.07 | 17,058 | 58,574,150 | 5 | 606,161 |

### Index chart





## Market Overview

As of 1:00 pm, 24th May. 2019

| MYANPIX | 444.00 ▲ 8.51 |
|---|---|
| Total Volume (shares) | 17,058 |
| Total Value (MMK) | 59 mil |
| Listed Company | 5 |
| Market Cap. (MMK) | 606,161 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |